# ရှမ်းပြည်နယ်လွှတ်တော်
## လွှတ်တော်သတင်းလွှာ

# Shan State Hluttaw Newsletter

၁၃၈၈ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁) ရက်     ၁၅.၇.၂၀၂၆     အတွဲ(၂)၊အမှတ်(၂)



## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကျင်းပ

စာ-၂

---



(၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓါတုပစ္စည်းများမီးရှို့ဖျက်ဆီးခြင်း အခမ်းအနားတက်ရောက်

စာ - ၂၅



တေရသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ၌ ပထမဆု ရရှိသည့် မအိမ့်ချစ်သူ နှင့် ထူးချွန်လူငယ်မောင်မယ်များအား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ချီးမြှင့်ငွေ (၄၅) သိန်းပေးအပ်ချီးမြှင့်

စာ - ၂၄

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပ



တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို (၉-၆-၂၀၂၆) ရက်နေ့မှ (၁၂-၆-၂၀၂၆)ရက်နေ့အထိ (၄)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးစိုင်းလုံကျော်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အစည်းအဝေးတက်ရောက်မှုအခြေအနေ ကိုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ခြင်း၊ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် လွှတ်တော်မှ အတည်ပြုဖွဲ့စည်းခဲ့သော "ဥပဒေပြုရေးဆိုင်ရာကော်မတီ နှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့၏ကော်မတီဝင်ဦးရေ" အား ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)၌ ကော်မတီဝင်ဦးရေပြင်ဆင်သတ်မှတ်ခြင်း၊ ရေးရာကော်မတီဖွဲ့စည်းမှုအနေဖြင့် ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီနှင့် တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်တိုင်ကြားစာများစိစစ်ရေးကော်မတီ၊ စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်းဆိုင်ရာကော်မတီနှင့် သစ်တော၊သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ စသည့်ကော်မတီတို့အား အတည်ပြုဖွဲ့စည်းခြင်း၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက် များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

# အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော် က
အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန် က
အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်



လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း က
အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်



စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်း က
အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်



လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ(ခ) ဒေါ်နန်းလဲ့လဲ့ဖြိုး က
အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်



လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး
ဦးခွန်သန်းထူး ကအစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌
လက်မှတ်ရေးထိုးစဉ်

# အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေ ကအစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စိုင်းဝမ်းလှိုင်းတစ်ပ် က အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်



စည်ပင်သာယာရေးဝန်ကြီးဦးခွန်ထွန်းဖြူ က အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း က အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန် က အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်






## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း

"လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ..... ဒီကနေ့ဟာဆိုရင် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို စတင် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကိုယ်စားလှယ်များအားလုံး ကျန်းမာစွာနဲ့ လွှတ်တော်အစည်းအဝေးကို ယခုလို စုံစုံညီညီ ပြန်လည်တက်ရောက်လာတာ တွေ့ရတဲ့အတွက် အထူးကျေးဇူးတင် ဝမ်းမြောက်ကြောင်းလည်း ပြောကြားလိုပါတယ်။

လွှတ်တော်ရပ်နားထားစဉ်ကာလမှာလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့မဲဆန္ဒရှင်ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံနှင့် လိုလားချက်၊ လိုအပ်ချက်တွေကို နားထောင်မှတ်သားခြင်း၊ ဒေသအကျိုးပြုနိုင်ငံအကျိုးပြု ပြည်သူအကျိုးပြုလုပ်ငန်းများမှာ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ခဲ့ခြင်း စတာတွေကို မြင်ရကြားရသိရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်းနဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ ကောင်းမွန်တဲ့ခြေလှမ်းများကိုပိုမိုတွန်းအားပေး ကူညီရန်နှင့် လိုအပ်သည်များကိုလည်း လွှတ်တော်ယန္တရားမှတစ်ဆင့် ပူးပေါင်းဖြည့်ဆည်းပံ့ပိုးကူညီပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ လွှတ်တော်ဟာ အစိုးရနှင့် ပြည်သူကြားမှာ ကြားခံ ဆောင်ရွက်ပေးရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အဆို၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများအဖြစ် ဥပဒေ၊ နည်းဥပဒေနှင့်အညီ လွှတ်တော်မှတစ်ဆင့် မေးမြန်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ဒါ့အပြင်လွှတ်တော်ရဲ့ အဓိကတာဝန် တစ်ရပ်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်ကို ပီပြင်စွာ ဆောင်ရွက်နိုင်ရေးအတွက်ဥပဒေပြုရေးဆိုင်ရာကော်မတီကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်တဲ့အတွက် တည်ဆဲဥပဒေများဟာ မျက်မှောက် ခေတ်အခြေအနေ၊ မူဝါဒများနဲ့ ကိုက်ညီမှု ရှိမရှိ၊ နိုင်ငံတော်တိုးတက်ရေးနှင့် ပြည်သူများအားအကျိုးပြုပေးမယ့် ဥပဒေဖြစ် မဖြစ် စတာတွေကို လေ့လာဆန်းစစ်ပြီးလိုအပ်ပါကပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို မိမိတို့လွှတ်တော်သက်တမ်းအတွင်း ပိုမိုပြီးပြည့်စုံအောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်အနေနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအေးချမ်းလုံခြုံစွာနေထိုင်ရေး၊ ပြည်သူ့အကျိုး၊ ပြည်သူ့ဘဝတိုးတက်ရေး၊ ပြည်သူများ၏ အခြေခံအခွင့်အရေးနှင့် တရားမျှတမှုကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေများ ဖြစ်ထွန်းစေရေးတို့ကို အရှိန်မြှင့် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်တဲ့ ဥပဒေပြုရေးကဏ္ဍကို ဆောင်ရွက်ကြရာမှာ ဥပဒေကြမ်းတစ်ခုကို ရေးဆွဲတင်သွင်းခြင်း၊ ဒါမှမဟုတ်တင်သွင်းလာတဲ့ ဥပဒေကြမ်းများကို စိစစ်ခြင်း ဆောင်ရွက်ကြရာမှာ အချက်(၃) ချက် ကို အဓိက အလေးထား စဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပထမအချက်မှာ ပြည်သူ့ဗဟိုပြု စဉ်းစားတွေးခေါ်ခြင်း ဖြစ်ပါတယ်။ မိမိတို့ဆွေးနွေးမယ့် ဥပဒေကိစ္စရပ်တိုင်းဟာ ပြည်သူလူထုရဲ့ တစ်နေ့တာကိစ္စရပ်များ အပေါ် ဘယ်လို အကျိုးသက်ရောက်မှုရှိမလဲဆိုတာ ရှေ့တန်းတင် စဉ်းစားကြရမှာဖြစ်ပါတယ်။ ဒုတိယအချက်မှာ မျှတစွာထိန်းကျောင်းတည့်မတ်ခြင်း ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ ဘောင်အတွင်းကနေ ထိရောက်စွာ စိစစ်တည့်မတ်ပေးပြီး ပြည်သူ့ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ဘက်လိုက်မှု ကင်းစွာဖြင့် ဝေဖန်အကြံပြုကြဖို့ ဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ကတော့ စည်းလုံးညီညွတ်မှုကို ရှေ့ရှုခြင်းဆိုတဲ့ မတူကွဲပြားသော အမြင်များကို အပြန်အလှန်လေးစားမှုဖြင့် အပြုသဘောဆောင် ဆွေးနွေးပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးကြီးသော ဆုံးဖြတ်ချက်များကို ညီညီညွတ်ညွတ် ချမှတ်ဆောင်ရွက်ကြရန်ဖြစ်ပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်ရဲ့ ဂုဏ်သိက္ခာနဲ့စွမ်းဆောင်ရည်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီရဲ့ စည်းကမ်း၊ စနစ်ကျနမှု၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုနဲ့ အရည်အသွေးမြင့်မားမှုမှာ မှီတည်နေတာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ဥပဒေများကို စံနမူနာပြအဖြစ် လိုက်နာကျင့်သုံးရမှာ ဖြစ်သလို စွမ်းဆောင်ရည် မြင့်မားစေဖို့ကိုလည်း အစဉ်ကြိုးပမ်းအားထုတ်နေရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား....လွှတ်တော်အနေနဲ့ဥပဒေပြဋ္ဌာန်းရုံသာမကဘဲ တည်ဆဲဥပဒေများမှတစ်ဆင့် တစ်ဆင့်ခံဥပဒေထုတ်ပြန်ခွင့်အာဏာအပ်နှင်းခြင်းခံရတဲ့ အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ထားတဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဟာ တည်ဆဲဥပဒေများ၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများနဲ့ ဆီလျော်ညီညွတ်မှုရှိ/ မရှိ ဆန်းစစ် နေရမှာဖြစ်သလိုဥပဒေများကို နိုင်ငံတော်အတွင်းမှာရှိတဲ့ အဖွဲ့အစည်းများနှင့် နိုင်ငံသားများအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန်ထိန်းညှိပေးရေးကို လည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီတာဝန်တွေကို လွှတ်တော်ကိုယ်စားလှယ် များနှင့် ဖွဲ့စည်းထားတဲ့ လွှတ်တော်ကော်မတီများက အလေးပေးဆောင်ရွက်သွား ကြရမှာဖြစ်ပါတယ်။ လွှတ်တော်လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ယခု ဒုတိယပုံမှန်အစည်းအဝေးမှာ ဖွဲ့စည်းရန်ကျန်ရှိ နေသေးတဲ့ ကော်မတီ(၆)ခုကိုလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ထပ်မံ ဖွဲ့စည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကော်မတီများဟာ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရမှာဖြစ်ပြီး ကော်မတီရဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှာ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တတိယအကြိမ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပေါ်ပေါက် ဖွဲ့စည်းခဲ့တဲ့ နိုင်ငံတော်အစိုးရအဖွဲ့ဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်နေကြတာကို ကိုယ်စားလှယ်များအနေနဲ့ တွေ့မြင် သိရှိပြီး ဖြစ်ပါတယ်။ ယခုလိုဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေရန်၊ ပြည်သူလူထု အတွက် အမှန်တကယ်အကျိုးရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များ က ပြည်သူလူထုရဲ့အသံ၊ ဆန္ဒများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ အုပ်ချုပ်ရေးမဏ္ဍိုင်က ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဟာ ထိရောက်မြန်ဆန်လာမှာ ဖြစ်ပါတယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ နယ်မြေဒေသအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူများရဲ့ အသံ၊ ပြည်သူ့များရဲ့ ဆန္ဒ၊ ပြည်သူများရဲ့ မျှော်လင့်ချက်တွေကို လွှတ်တော်ကတစ်ဆင့်မေးခွန်းများ မေးမြန်းခြင်း ဆောင်ရွက်လာကြတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးထံမှ ကြယ်ပွင့်မပြမေးခွန်း(၁၃၅)ခု ကိုလည်းကောင်း၊ ကိုယ်စားလှယ်(၁၇) ဦး ထံမှ ကြယ်ပွင့်ပြမေးခွန်း(၇၀)ခုကို လည်းကောင်း ဖြေကြားပေးနိုင်ရေး ရှမ်းပြည်နယ် အစိုးရအဖွဲ့ကို ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် ယခု ဒုတိယပုံမှန် အစည်းအဝေးမှာတော့ ကြယ်ပွင့်ပြမေးခွန်း(၇၀)ခု မေးမြန်းဖြေကြားခြင်း အစီအစဉ်ကိုထည့်သွင်းဖို့လျာထားပါတယ်။ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရင်း ပြည်သူတွေရဲ့ယုံကြည်အားကိုးမှုကိုရရှိအောင် ဆက်လက်ကြိုးပမ်း အားထုတ်ကြစေလိုပါတယ်။ နိုင်ငံတော်နှင့်ပြည်သူလူထု အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

လွှတ်တော်ရဲ့အခန်းကဏ္ဍ ပိုမိုမြင့်မားလာစေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း အစည်းအဝေး အားလပ်တဲ့အချိန်များမှာ ပြုလုပ်ပေးသွားဖို့ကိုလည်း စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်များဖြစ်တဲ့ မဲဆန္ဒရှင်ပြည်သူများအား လွှတ်တော်ရဲ့အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းတင်ပြရမှာ ဖြစ်သလို မဲဆန္ဒရှင်ပြည်သူများရဲ့ တင်ပြချက်များ ကိုလည်း လွှတ်တော်တွင်းကတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့ကို တင်ပြရမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော် အတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မဲဆန္ဒရှင်ပြည်သူ များရဲ့ အားကိုးယုံကြည်မှု ကို အလုပ်နဲ့ သက်သေပြရင်း ဒေသအကျိုး ဆထက် ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး နေ့ရက်အလိုက်ကျင်းပမှုများ

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)အား(၁၀.၆.၂၀၂၆) ရက်နေ့၊ (အင်္ဂါနေ့)၊ နံနက်(၁၀)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ် ခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးမှ ကြယ်ပွင့်ပြမေးခွန်း(၁၈)ခု မေးမြန်းခဲ့ရာသက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင် (၇)ဦးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် (၁)ဦးတို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

အစည်းအဝေးတွင် ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားသည့် ဒေါ်နန်းခမ်းလူ (ခ)ဒေါ်နန်းလဲ့လဲ့ဖြိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထား သည့် ဦးလင်းအောင်ဆွေတို့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရ သည့်အတွက် အဆိုပါကော်မတီ(၂)ခုတို့၏ ကော်မတီဝင်ဦးရေ ပြင်ဆင်သတ်မှတ်ခြင်းအား လွှတ်တော်သို့တင်ပြ ၍ အတည်ပြုကြောင်း ကြေညာခဲ့သည်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ပါသည်။

၎င်းနောက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခဲ့ပါသည်။ ရှမ်းပြည်နယ်လွှတ်တော်အတွက် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီတွင် ထည့်သွင်း ဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ပြီးနောက် ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်း၍ဖတ်ကြားရှင်းလင်းခဲ့ပါသည်။

တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) အား (၁၀.၆.၂၀၂၆)ရက်နေ့(ဗုဒ္ဓဟူးနေ့)၊နံနက်(၁၀)နာရီအချိန်တွင်ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပ ပြုလုပ်ခဲ့ပြီးပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးမှကြယ်ပွင့်ပြမေးခွန်း(၁၇)ခုမေးမြန်းခဲ့ရာသက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်(၄)ဦးတို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး နေ့ရက်အလိုက်ကျင်းပမှုများ

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက"ရှမ်းပြည်နယ်အစိုးရ၏အာမခံချက်များ၊ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ"ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးဖြင့် လည်းကောင်း၊ "စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ"ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးဖြင့် လည်းကောင်း အသီးသီးတာဝန်ပေးအပ်ဖွဲ့စည်းကြောင်း အမည်စာရင်းများနှင့်တကွ ကြေညာခဲ့ပါသည်။

ထို့အပြင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက"စီးပွားရေးနှင့်လူမှုရေးဆိုင်ရာကော်မတီ"တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်လျာထားပါကြောင်း အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ပြီးနောက် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခဲ့ပါသည်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက "တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ"တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်းအမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ပြီးနောက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခဲ့ပါသည်။

တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)အား (၁၁.၆.၂၀၂၆)ရက်နေ့(ကြာသပတေးနေ့)၊နံနက်(၁၀)နာရီအချိန်တွင်ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးမှ ကြယ်ပွင့်ပြမေးခွန်း(၁၈)ခု မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် (၃)ဦးတို့က ဌာနအလိုက် ပြန်လည်ဖြေကြားခဲ့ပါသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက"စီးပွားရေးနှင့်လူမှုရေးဆိုင်ရာကော်မတီ"ကိုပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးဖြင့်လည်းကောင်း၊ "တရားဥပဒေစိုးမိုးရေး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ" တွင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးဖြင့်လည်းကောင်း အသီးသီးတာဝန်ပေးအပ်ဖွဲ့စည်းကြောင်း အမည်စာရင်းများနှင့်တကွ ကြေညာခဲ့ပါသည်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာ ကော်မတီ"တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်လျာထားပါကြောင်း အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ပြီးနောက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခဲ့ပါသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက "သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ"တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်လျာထားပါကြောင်း အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ပြီးနောက် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခဲ့ပါသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက "စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဆိုင်ရာကော်မတီ" ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးဖြင့်လည်းကောင်း၊ "သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ"ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးဖြင့်လည်းကောင်း အသီးသီးတာဝန်ပေးအပ်ဖွဲ့စည်းကြောင်း ကြေညာခဲ့ပါသည်။

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး နေ့ရက်အလိုက်ကျင်းပမှုများ

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား(၁၂.၆.၂၀၂၆) ရက်နေ့(သောကြာနေ့)၊ နံနက်(၁၀)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးမှ ကြယ်ပွင့်ပြမေးခွန်း(၁၇)ခု မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် (၆)ဦးတို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

၎င်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ၊ သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ" များ ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင်လွှတ်တော်၏လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများအား၊ပြည်နယ်လွှတ်တော်အစည်းအဝေးကာလအတွင်း သတင်းရယူသည့်မီဒီယာများနှင့် လာရောက်လေ့လာမှု အခြေအနေများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ပြီး တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ပြီးစီးကြောင်းနှင့် တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခဲ့သည်။

---

# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖွဲ့စည်းဆောင်ရွက်ရန် လျာထားသည့် ကော်မတီများ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းစဉ်



# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေးကျင်းပစဉ်









# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုနှင့် ဖြေကြားမှုများ ဆောင်ရွက်စဉ်



မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ဒေါ်မေနှင်းသက်က ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်



သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ဦးညီညီဇော်က ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်



နားဖန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ဦးစိုင်းအောင်မြင့်က ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်



လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုနှင့် ဖြေကြားမှုများ ဆောင်ရွက်စဉ်



လဲချားမြို့နယ်
ကိုယ်စားလှယ်အမှတ်(၁)၊
ဒေါ်နန်းအက်စ်ကီးမိုးက
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်



နမ့်ဆန်မြို့နယ်
ကိုယ်စားလှယ်အမှတ်(၂)၊
ဦးဇော်လွင် က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်



စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်း က
ကြယ်ပွင့်ပြမေးခွန်းအား
ဖြေကြားစဉ်



ရပ်စောက်မြို့နယ်
ကိုယ်စားလှယ်အမှတ်(၁)၊
ဦးအောင်ကျော်ညွန့်က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်



ဟိုပုံးမြို့နယ်
ကိုယ်စားလှယ်အမှတ်(၂)၊
ဦးဒီဂေါလ်က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်



လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ(ခ)ဒေါ်နန်းလဲ့လဲ့ဖြိုးက
ကြယ်ပွင့်ပြမေးခွန်းအား
ဖြေကြားစဉ်



မိုင်းခတ်မြို့နယ်
ကိုယ်စားလှယ်အမှတ်(၁)၊
ဦးရန်အောင်က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်



မိုင်းဆတ်မြို့နယ်
ကိုယ်စားလှယ်အမှတ်(၂)၊
ဒေါ်နန်းနော်က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်



လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး
ဦးခွန်သန်းထူး ကကြယ်ပွင့်ပြမေးခွန်းအား
ဖြေကြားစဉ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုနှင့် ဖြေကြားမှုများ ဆောင်ရွက်စဉ်


ကျိုင်းတုံမြို့နယ်
ကိုယ်စားလှယ်အမှတ်(၂)၊
ဦးအိုက်ပလိပ် က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်


မိုင်းတုံမြို့နယ်
ကိုယ်စားလှယ်အမှတ်(၂)၊
ဦးထင်အောင်နိုင် က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်


မက်မန်းမြို့နယ်
ကိုယ်စားလှယ်အမှတ်(၁)၊
ဦးခမ်းလူ က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီး
ဦးလင်းအောင်ဆွေက ကြယ်ပွင့်ပြမေးခွန်း
အား ဖြေကြားစဉ်


ကျိုင်းတုံမြို့နယ်
ကိုယ်စားလှယ်အမှတ်(၁)၊
ဦးစိုင်းဟွမ်နွဲ့က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်


ကျေးသီးမြို့နယ်
ကိုယ်စားလှယ်အမှတ်(၁)၊
ဒေါ်နန်းမွန်းအောင် က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်


စည်ပင်သာယာရေးဝန်ကြီးက
ဦးခွန်ထွန်းဖြူက ကြယ်ပွင့်ပြမေးခွန်းအား
ဖြေကြားစဉ်


ကွန်ဟိန်းမြို့နယ်
ကိုယ်စားလှယ်အမှတ်(၁)၊
ဦးဝင်းလှိုင်က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်


သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီး
ဦစိုင်းဝမ်းလှိုင်းတစ်ပ် က
ကြယ်ပွင့်ပြမေးခွန်းအားဖြေကြားစဉ်


နမ့်ဆန်မြို့နယ်
ကိုယ်စားလှယ်အမှတ်(၂)၊
ဦးဇော်လွင် က
ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်


ပြည်နယ်တရားသူကြီးချုပ်
ဦးသန်းဦးလွင် က
ကြယ်ပွင့်ပြမေးခွန်းအား
ဖြေကြားစဉ်

## ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးသို့ လာရောက်လေ့လာသူများ









## ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် သတင်းမီဒီယာများမှ သတင်းရယူစဉ်





# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ က
# လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံ



(၁၂.၆.၂၀၂၆)ရက်နေ့၊မွန်းလွဲ(၁၄:၀၀)နာရီအချိန်၊ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီအခန်း(၁)တွင် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံကျော်၊ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးစိုင်းထွန်းစိန်၊ရှမ်းပြည်နယ် လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများနှင့်အတူတွေ့ဆုံပွဲကျင်းပပြုလုပ်ခဲ့သည်။

ထို့နောက်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ကအဖွင့်အမှာစကားပြောကြားကြပြီးတတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင်ဖွဲ့စည်းထားသည့်ရေးရာကော်မတီ(၁၀)ခုမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က မိမိတို့၏ နယ်မြေဒေသအလိုက်မိတ်ဆက်ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အထွေထွေ ဆွေးနွေးတင်ပြကြပါသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီကို ဖွဲ့စည်းစဉ်က ကော်မတီမှာပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် စသည်တို့ကို တစ်ပါတည်းသတ်မှတ်ပေးထားပြီး ဖြစ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များသည် မိမိတို့ဆောင်ရွက်ကြ ရမည့် လုပ်ငန်းတာဝန်များကို ထဲထဲဝင်ဝင် လေ့လာမှတ်သားပြီး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပြည်သူများ အားကိုးအားထားပြုရသည့်ကော်မတီများ ဖြစ်လာအောင်ကြိုးစား လုပ်ဆောင်ပေးကြစေလိုကြောင်း၊ ပြည်သူ့ အကျိုးဆောင်ရွက်ရာမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အပြန်အလှန် ထိန်းညှိခြင်း၊ ထိန်းကျောင်းခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေနဲ့အညီ ဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး တွေ့ဆုံပွဲကို ညနေ(၁၇:၅၀) နာရီအချိန်တွင် ရပ်နားခဲ့ပါသည်။





# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ

## ဥပဒေပြုရေးဆိုင်ရာကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးဒီဂေါလ် | ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးခွန်စနေအောင် | ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၃။ | ဦးအောင်ပြည့်စုံ | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၄။ | ဦးစိုင်းအွန်ခမ်း | တာချီလိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၅။ | ဒေါ်ခိုင်သန္တာထွေး | မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၆။ | ဦးမြင့်ဝင်း | ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၇။ | ဦးစိုင်းအောင်မြင့် | နားဖန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၈။ | ဒုတိယဗိုလ်မှူးကြီး အောင်စိုး | လေ ၂၇၇၁ | အဖွဲ့ဝင် |
| ၉။ | ဗိုလ်မှူး ဖြိုးသီဟကျော် | ကြည်း ၃၆၄၃၀ | အဖွဲ့ဝင် |
| ၁၀။ | ပြည်နယ်ဥပဒေအရာရှိ | ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ၁၁။ | ဦးစိုင်းလှိုင်ခမ်း | မိုင်းယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |

## တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးခွန်ဟန်သိန်းဦး | မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| ၂။ | ဦးစိုင်းကျော်ဝင်း | မိုးနဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၃။ | ဦးစိုင်းနော်ခမ်း | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၄။ | ဦးကျော်ကျော်နိုင် | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၅။ | ဒေါ်နန်းမွန်းအောင် | ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၆။ | ဦးစိုင်းသန်းထွန်း(ခ) ဦးသိန်းသန်းထွန်း | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၇။ | ဦးခွန်ဝင်းနောင် | ပင်လောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၈။ | ဦးရန်အောင် | မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၉။ | ဦးနော်အောင် | ဟိုပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၁၀။ | ဦးစိုင်းဘသန်း | မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၁၁။ | ဦးကျော်အောင်သန်း | နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၂။ | ဦးဟော်ထိုက်ဖူ(ခ) ဦးအောင်ကျော်ထွန်း | လောက်ကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူး ဉာဏ်လင်းအောင် | ကြည်း ၄၇၆၁၄ | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်ကြီး ဒေါ်နန်းဟေမာဝေညို | ကြည်း ၆၅၅၈၂ | အဖွဲ့ဝင် |
| ၁၅။ | ဦးစိုင်းခမ်းကျော် | မိုးမိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |

## လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးခင်အောင်ဆွေ | လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးခွန်ထွန်းငယ် | ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၃။ | ဦးသန်းဇော်ဦး | နမ္မတူမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၄။ | ဗိုလ်ကြီး မျိုးမင်းစိုး | ကြည်း ၅၂၀၁၉ | အဖွဲ့ဝင် |
| ၅။ | ဦးစောမူးလာ | မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |

## ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးအောင်ကျော်ညွန့် | ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| ၂။ | ဦးခွန်ဆောင်းရွှေ | တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၃။ | ဦးဝင်းလှိုင် | ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၄။ | ဦးကြည်လွင် | လင်းခေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၅။ | ဦးလင်းလင်းနိုင် | မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၆။ | ဒေါ်နန်းခမ်းမန် | တန့်ယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၇။ | ဦးစိုင်းခမ်းကော် | မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၈။ | ဒေါ်နန်းခမ်းလီ | မဘိမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၉။ | ဒုတိယဗိုလ်မှူးကြီး မြင့်မောင် | ကြည်း ၂၇၄၀၂ | အဖွဲ့ဝင် |
| ၁၀။ | ဗိုလ်ကြီး ဇေယျာလင်း | ကြည်း ၅၂၅၄၁ | အဖွဲ့ဝင် |
| ၁၁။ | ဦးထင်အောင်နိုင် | မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ

## ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးဟိန်းထက်ဇော် | ပင်းတယမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးခွန်ထွန်းလေး | လဲချားမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၃။ | ဦးစိုင်းကျော်ဌေး | လင်းခေးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၄။ | ဦးစဝ်သာဦး | မိုင်းပန်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၅။ | ဦးစိုင်းရီတစ် | မိုင်းယန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၆။ | ဦးထွန်းပေါ်သိန်း | မိုင်းယောင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၇။ | ဒေါ်မြမြဆွေ | ကုန်းကြမ်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၈။ | ဗိုလ်မှူးဇော်မျိုးဝေ | ကြည်း-၄၂၃၈၁ | အဖွဲ့ဝင် |
| ၉။ | ဗိုလ်ကြီးညီညီထွန်း | ကြည်း-၄၉၅၀၈ | အဖွဲ့ဝင် |
| ၁၀။ | ဦးနော်တောင် | မူဆယ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |

## စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးငွေဝင်းလှိုင် | ကွတ်ခိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးထွန်းလှ(ခ)ဦးတိုးရ | ညောင်ရွှေမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၃။ | ဦးစိုင်းကျော်ရင် | ဖယ်ခုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၄။ | ဦးခွန်ကျော်အေး | ဆီဆိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၅။ | ဦးစိုင်းနော်ခေး | မိုင်းခတ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၆။ | ဦးစိုင်းစမ်(ခ)<br>စိုင်းခွန်မောင် | သိန္နီမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၇။ | ဦးစိုင်းခမ်း | နောင်ချိုမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၈။ | ဒုတိယဗိုလ်မှူးကြီး<br>ဝင်းကျော်ကျော် | ကြည်း-၃၂၃၇၂ | အဖွဲ့ဝင် |
| ၉။ | ဗိုလ်ကြီး ဇင်မင်းထွန်း | ကြည်း-၅၉၂၆၆ | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်နန်းနော် | မိုင်းဆတ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |

## စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးညွန့်ဝင်း | မိုင်းဖြတ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်နန်းအက်(စ်)ကီးမိုး | လဲချားမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၃။ | ဒေါ်မေနှင်းသက် | မိုင်းပျဉ်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၄။ | ဦးသန်းထိုက်ဇော် | ကျောက်မဲမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၅။ | ဦးစိုးကမ္ဘာစိတ် | မိုင်းမောမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၆။ | ဒေါ်စိုးစိုးငြိမ်း | မန်တုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၇။ | ဗိုလ်မှူး ဇော်ဝင်းဦး | ကြည်း - ၃၂၅၇၇ | အဖွဲ့ဝင် |
| ၈။ | ဗိုလ်မှူး<br>ဒေါ်ခင်သန္တာအုန်းသိန်း | အင်န် ၈၁၄ | အဖွဲ့ဝင် |
| ၉။ | ဗိုလ်ကြီး သော်ဇင်ဝင်း | ကြည်း - ၄၉၀၉၈ | အဖွဲ့ဝင် |
| ၁၀။ | ဦးခွန်ကြည် | တောင်ကြီးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |

## တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများ စိစစ်ရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးစိုင်းကျော်မိုး | မိုင်းပန်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| ၂။ | ဦးခွန်သက်နိုင် | လွိုင်လင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၃။ | ဦးနိုင်ဝင်းအောင် | လွိုင်လင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၄။ | ဒေါ်ဝါဝါထွေး | နမ့်စန်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၅။ | ဒေါ်နန်းသီတာနွယ် | ကျေးသီးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၆။ | ဦးကျော်စွာဝင်း(ခ)<br>Mအောင်ဂျာ | မူဆယ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၇။ | ဦးညီညီဇော် | သီပေါမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၈။ | ဦးစိုင်းဝင်းမြင့် | ပန်ဝိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၉။ | ဒုတိယဗိုလ်မှူးကြီးညီညီတင် | ကြည်း - ၃၀၅၄၅ | အဖွဲ့ဝင် |
| ၁၀။ | ဗိုလ်မှူးကျော်သူဝင်း | ကြည်း - ၂၉၁၃၂ | အဖွဲ့ဝင် |
| ၁၁။ | ဗိုလ်မှူးအောင်သူရ | ကြည်း - ၃၃၄၀၄ | အဖွဲ့ဝင် |
| ၁၂။ | ဗိုလ်မှူးအောင်ကိုကို | ကြည်း - ၃၈၈၁၃ | အဖွဲ့ဝင် |
| ၁၃။ | ဦးသန်းစိုး | နမ့်ခမ်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာ ကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးစိုင်းဟွမ်နွဲ့ | ကျိုင်းတုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်နန်းမှတ်နွမ်း | မိုင်းကိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၃။ | ဦးစိုင်းဟောင်ခမ်း | မိုင်းကိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၄။ | ဦးအိုက်ပလိပ် | ကျိုင်းတုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၅။ | ဦးမောင်မောင် | ကွမ်းလုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၆။ | ဦးသီဟလှိုင် | သီပေါမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၇။ | ဦးခမ်းလူ | မက်မန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၈။ | ဗိုလ်မှူး<br>ဒေါ်ဝေနှင်းအောင် | အင်န် ၈၄၀ | အဖွဲ့ဝင် |
| ၉။ | ဗိုလ်ကြီး<br>ဒေါ်ဖြိုးသဇင်ကျော် | ကြည်း ၇၂၉၅၁ | အဖွဲ့ဝင် |
| ၁၀။ | ဦးဇော်လွင် | နမ့်ဆန်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |

## သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးစိုင်းခတ္တိယ | မိုင်းဆတ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| ၂။ | ဦးမင်းထွန်းအောင် | ကွန်ဟိန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၃။ | ဦးခွန်ညိုမောင် | ဟိုပုံးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၄။ | ဦးစိုင်းခစ်နွဲ့ | မိုင်းဖြတ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၅။ | ဦးစိုင်းဘွန်းစီ | မိုင်းယောင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၆။ | ဦးကျော်သိန်းအောင် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၇။ | ဗိုလ်မှူးကျော်စိုးလင်း | ကြည်း ၂၅၂၉၇ | အဖွဲ့ဝင် |
| ၈။ | ဗိုလ်မှူးအောင်အောင်မျိုး | ကြည်း ၄၅၄၁၇ | အဖွဲ့ဝင် |
| ၉။ | ဗိုလ်ကြီးကျော်ဝင်းလှိုင် | ကြည်း ၃၅၀၇၅ | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်နန်းဆိုင်မွန်း | တန့်ယန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများအလိုက် အစည်းအဝေးကျင်းပမှုများ





ဥပဒေပြုရေးဆိုင်ရာကော်မတီ အစည်းအဝေးကျင်းပစဉ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများအလိုက် အစည်းအဝေး ကျင်းပမှုများ





ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစည်းအဝေးကျင်းပစဉ်





စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ အစည်းအဝေးကျင်းပစဉ်





စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ အစည်းအဝေးကျင်းပစဉ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများအလိုက် အစည်းအဝေး ကျင်းပမှုများ




တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများ စိစစ်ရေးကော်မတီ
အစည်းအဝေးကျင်းပစဉ်




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ
အစည်းအဝေးကျင်းပစဉ်




သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ
အစည်းအဝေးကျင်းပစဉ်

# ရှမ်းပြည်နယ်၏ ပညာရေး၊ကျန်းမာရေး ကဏ္ဍများအလိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ရှင်းလင်းဆွေးနွေးပွဲကျင်းပ



ရှမ်းပြည်နယ်၏ပညာရေး၊ကျန်းမာရေးကဏ္ဍများအလိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေရှင်းလင်းဆွေးနွေးပွဲကို (၁၀.၆.၂၀၂၆)ရက်နေ့၊နေ့လယ်(၁:၃၀)နာရီအချိန်တွင်ပြည်နယ်လွှတ်တော်ရုံး၊သံလွင်ခန်းမ၌ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားကိုပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံကျော်၊ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးစိုင်းထွန်းစိန်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးရာဝန်ကြီးဒေါ်နန်းခမ်းလူနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးလှမျိုးတို့ကတက်ရောက်ခဲ့ကြပါသည်။



ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုက ပညာရေးကဏ္ဍများ အလိုက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးစဉ်



ပြည်နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းနိုင်က ကျန်းမာရေးကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးစဉ်

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုနှင့် ပြည်နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်တို့မှ ရှမ်းပြည်နယ်အတွင်း ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများအလိုက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး အခမ်းအနားကို ညနေ(၅)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သိလိုသည်များမေးမြန်းဆွေးနွေးစဉ်












# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို (၁၁.၆.၂၀၂၆)ရက်နေ့၊ နေ့လယ် (၁:၃၀)နာရီ အချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးလှမျိုး တို့ကတက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကအဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းသိန်းမှ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျော့ချရေးဆိုင်ရာကိစ္စရပ်များနှင့် တာချီလိတ်မြို့နယ်ရှိ မယ်ဆိုင်ချောင်း၊ မယ်ဟုတ်ချောင်း၊ မယ်ခေါင်ချောင်း၊ မယ်ဟောက်ချောင်း၊ မဲခေါင်မြစ်နှင့်မိုင်းဆတ်မြို့နယ်ရှိ နမ့်ခုတ်မြစ်ရေတို့၏ ရေအရည်အသွေးအား လစဉ်တိုင်းတာဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။




ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းသိန်းက နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျော့ချရေးဆိုင်ရာကိစ္စရပ်များနှင့် ရေအရည်အသွေးအား လစဉ်တိုင်းတာဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးစဉ်







ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ရာ ညွှန်ကြားရေးမှူး ဦးမင်းသိန်းမှ ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

# ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းသားသမီးများအားပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို (၁၃.၆.၂၀၂၆)ရက်နေ့၊ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး သံလွင်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်နှင့်ဇနီး၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးလှမျိုးနှင့်ဇနီး၊ လွှတ်တော်ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

















# တေရသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ၌ ပထမဆု ရရှိသည့် မအိမ့်ချစ်သူ နှင့် ထူးချွန်လူငယ်မောင်မယ်များအားကြိုဆိုဂုဏ်ပြုသည့် အခမ်းအနားတက်ရောက်ချီးမြှင့်





ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်နှင့် ဒုတိယဥက္ကဋ္ဌဦးစိုင်းထွန်းစိန်တို့သည် (၆.၆.၂၀၂၆) ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည့် တေရသမအကြိမ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ၌ ပထမဆုရရှိသည့် မအိမ့်ချစ်သူနှင့် ထူးချွန်လူငယ်မောင်မယ်များအား ကြိုဆိုဂုဏ်ပြုသည့် အခမ်းအနားတက်ရောက်ခဲ့ပြီး ပထမဆုရှင်မအိမ့်ချစ်သူအား ရှမ်းပြည်နယ်လွှတ်တော်မှ ငွေကျပ် (၄၅)သိန်း ထောက်ပံ့ချီးမြှင့်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ၏ထူးချွန်လူငယ်မောင်မယ်များဖြစ်ကြသည့် မအိမ့်ချစ်သူ၊ ဗဟိုအဆင့်အလယ်တန်းအောင်မြင်သူ ၁၁ ဦး၊ မူလတန်းအဆင့် စတုတ္ထ ရရှိသူ ၁ ဦး၊ ပြည်နယ်အဆင့်အောင်မြင်သူ ၄၃ ဦးတို့နှင့်အတူ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။



## (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတက်ရောက်




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံကျော်နှင့်ဒုတိယဥက္ကဋ္ဌဦးစိုင်းထွန်းစိန်တို့သည်(၂၆.၆.၂၀၂၆) ရက်နေ့၊ နံနက်(၈) နာရီက တောင်ကြီးမြို့၊ မြို့တော်ခန်းမဥ္စကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို တက်ရောက်ခဲ့ပါသည်။

---

## (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓါတုပစ္စည်းများမီးရှို့ ဖျက်ဆီးခြင်း အခမ်းအနားတက်ရောက်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံကျော်သည် (၂၆.၆.၂၀၂၆)ရက်နေ့တွင် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓါတုပစ္စည်းများမီးရှို့ ဖျက်ဆီးခြင်းအခမ်းအနားသို့တက်ရောက်ခဲ့ပြီး မူးယစ်ဆေးဝါးပပျောက်ရေးလှုပ်ရှားမှု အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

## ၂၀၂၆ ခုနှစ် ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အမျိုးသား/ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်





ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံကျော်နှင့် ဒုတိယဥက္ကဋ္ဌဦးစိုင်းထွန်းစိန်တို့သည် (၆.၇.၂၀၂၆) ရက်နေ့၊ ညနေ(၃)နာရီအချိန်၊ တောင်ကြီးမြို့၊ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အမျိုးသား/ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးခဲ့ပါသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးခဲ့ကြပြီး ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က အမှတ်(၃)၊ အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး မြို့နယ်အလိုက် ပြေးခုန်ပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

---

## ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန် ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုအခမ်းအနား တက်ရောက်








ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးစိုင်းထွန်းစိန်သည်(၇.၇.၂၀၂၆)ရက်နေ့၊နံနက်(၉)နာရီအချိန်၊ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာ၊အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့်မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကပြုလုပ်သည့် ရှမ်းပြည်နယ်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုအခမ်းအနားကို တက်ရောက်ခဲ့ပြီး အခမ်းအနားအားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်စာစောင်များနှင့် အလှူငွေများကိုပေးအပ်လှူဒါန်းကာ မိုင်းသောက်ကျေးရွာ၊ ရောင်ခြည်ဦးစာကြည့်တိုက်အတွင်း စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှုအဖြစ် စာကြည့်တိုက်ပညာသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ သင်တန်းတက်ရောက်နေသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့၏ ဒေသတွင်းလှုပ်ရှားဆောင်ရွက်မှုများ



(၁၉.၅.၂၀၂၆)ရက်နေ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၃) မျိုး သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်ချီးမြှင့်စဉ်



(၁၉.၅.၂၀၂၆)ရက်နေ့ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း(၃) မျိုး သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်ချီးမြှင့်စဉ်



(၁၉.၆.၂၀၂၆)ရက်နေ့ တောင်ကြီးမြို့ ရှမ်းပြည်နယ်လေ့ကျင့်ရေးအားကစားတွင်ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲအခမ်းအနား တက်ရောက်အားပေးစဉ်




၃.၇.၂၀၂၆ ရက်နေ့တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အမျိုးသမီး မအိမ့်ချစ်သူအား ဂုဏ်ပြုချီးမြှင့်စဉ်



(၁၉.၆.၂၀၂၆)ရက်နေ့ တောင်ကြီးမြို့ ရှမ်းပြည်နယ်လေ့ကျင့်ရေးအားကစားတွင်ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ အခမ်းအနား တက်ရောက်အားပေးစဉ်




၃.၇.၂၀၂၆ ရက်နေ့တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အမျိုးသမီး မသက်မှူးအိမ်အား ဂုဏ်ပြုချီးမြှင့်စဉ်

## မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြင့်လွင် မှ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများအတွက် ငွေပဒေသာပင်နှင့် ဝတ်စုံစရိတ်ငွေကျပ် သိန်း (၁၅၀) ပေးအပ်လှူဒါန်း



(၁၉.၆.၂၀၂၆)ရက်နေ့၊နေ့လယ်(၂)နာရီအချိန်၊ရှမ်းပြည်နယ်လွှတ်တော်ရုံးဧည့်ခန်းမတွင်ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်အား မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်ဥက္ကဋ္ဌဦးမြင့်လွင်က ဂါရဝပြု လာရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။

ထို့နောက် မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်လွင်က ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများအတွက် ငွေပဒေသာပင်နှင့် ဝတ်စုံစရိတ်ထောက်ပံ့ငွေကျပ် သိန်း (၁၅၀) လှူဒါန်းပေးအပ်ခဲ့ပြီး ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန် မိုင်းပျဉ်း၊ အထကကျောင်း ၂၀၂၆-၂၀၂၇ခုနှစ်၊ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေး၊ ဆုပေးပွဲအခမ်းအနား နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲနှင့် တာဝန်ပေးအပ်ပွဲအခမ်းအနားတက်ရောက်






ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးစိုင်းထွန်းစိန်သည်(၂၅.၆.၂၀၂၆)ရက်နေ့၊မိုင်းပျဉ်းမြို့နယ်၊လွှတ်တော်ကိုယ်စားလှယ်ရုံးတွင်ကျင်းပသည့်၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများရှင်းလင်းဆွေးနွေးပွဲနှင့်တာဝန်ပေးအပ်ပွဲအခမ်းအနားကိုတက်ရောက်ခဲ့ပြီးမိုင်းပျဉ်းမြို့နယ်အတွင်းဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းစီအတွက်တာဝန်နှင့်ဆောင်ရွက်ခွင့်များကိုရှင်းလင်းဆွေးနွေးခဲ့ပြီးကျေးရွာများ၏ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း(၂၂)ခုဆောင်ရွက်မှုများကိုစောင့်ကြပ်ကြည့်ရှုရန်အသီးသီးတာဝန်ပေးအပ်ခြင်း၊လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီးတို့ကဒေသဖွံ့ဖြိုးရေးအတွက်အလှူငွေသိန်း (၁၂၀) ကို သက်ဆိုင်ရာကျေးရွာ(၄)ရွာအား အသီးသီးလှူဒါန်းခြင်းဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌသည်(၂၉.၆.၂၀၂၆)ရက်နေ့၊နံနက်၁၀နာရီအချိန်၊မိုင်းပျဉ်းမြို့၊အ.ထ.က ကျောင်း၏နဝဒေးခန်းမဆောင်တွင်ကျင်းပသည့်၂၀၂၆–၂၀၂၇ခုနှစ်၊မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ဆုပေးပွဲအခမ်းအနားကိုတက်ရောက်ခဲ့ရာပညာရေးကဏ္ဍနှင့်ဒေသဖွံ့ဖြိုးရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ဆောင်ရွက်နေမှုအခြေအနေများရှင်းလင်းခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သောကျောင်းသား / သူ (၈)ဦးနှင့် ပညာရည်ချွန်ဆုရကျောင်းသား/သူများကိုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ရှားဆောင်ရွက်မှုများ




၁၈.၆.၂၀၂၆ ရက်နေ့၊နံနက် ၁၀:၁၅ အချိန်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် “လမင်းစီမံချက်” ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်း အခမ်းအနား”သို့ တက်ရောက်စဉ်



၁၉.၆.၂၀၂၆ ရက်နေ့၊ နံနက် ၁၀:၀၀ အချိန်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)၌ ကျင်းပပြုလုပ်သည့် "ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသအတွင်းရှိ နှစ်တို/ နှစ်ရှည်/ ရာသီသီးနှံ စိုက်ပျိုးရေး တောင်သူ အစုအဖွဲ့များနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနား" သို့ တက်ရောက်စဉ်



၂၂.၆.၂၀၂၆ ရက်နေ့၊ နံနက် ၁၀:၀၀ အချိန်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် ကျောက်စုကျေးရွာအုပ်စု၊ တောရအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပပြုလုပ်သော "တောရ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား" သို့ တက်ရောက်စဉ်



၂၂.၆.၂၀၂၆ ရက်နေ့၊ နံနက် ၁၂:၂၀ အချိန်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် ပင်ပျော်ကျေးရွာအုပ်စု၊ ရောက်ချိုကျေးရွာရှိအ.မ.က(ရောက်ချို) နှင့်အ.လ.က(ခွဲ)(သပြေကုန်း) စာသင်ကျောင်းများ၌ လိုအပ်လျက်ရှိသော ကျောင်းဆောင် အသစ်ဆောက်လုပ်ခွင့်ရရှိရေး ပညာရေးဌာနမှ တာဝန်ရှိသူများနှင့်သွားရောက်ကြည့်ရှုစစ်ဆေးစဉ်



၂၉.၆.၂၀၂၆ ရက်နေ့ နေ့လယ် ၁၃:၀၀ အချိန်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်သည့် "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်း အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ" အခမ်းအနားသို့ တက်ရောက်စဉ်



၂၉-၆-၂၀၂၆ ရက်နေ့၊ နံနက် ၀၈:၀၀ အချိန်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် ပွေးလှကျေးရွာ၊ ပွေးလှ ရေကန်ဘေးထင်းရှူးတောအတွင်း အောင်ပန်း- ပင်းတယကားလမ်းဘေး၌ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနား တက်ရောက်စဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး လုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓာတ်ပုံများ



၁၆.၆.၂၀၂၆ ရက်နေ့တွင် တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းသက်တို့က မိုင်းပျဉ်းမြို့နယ်၊ ဖာဝေါကျေးရွာပန်တားလေ အ.ထ.ကကျောင်းတွင် မိဘဆရာများနှင့် တွေ့ဆုံ၍ လိုအပ်သည်များညှိနှိုင်းဆွေးနွေးစဉ်



၁၆.၆.၂၀၂၆ ရက်နေ့၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းသက်တို့က မိုင်းပျဉ်းမြို့နယ်၊ ဖာဝေါကျေးရွာပန်တားလေ အ.ထ.ကကျောင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်



၁၈.၆.၂၀၂၆ ရက်နေ့၊ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းသက်တို့ကမိုင်းပျဉ်း၊ ပိန်းဆန်း အ.ထ.က ကျောင်း၏ ပြုပြင်ရန်လိုအပ်သော နေရာများကို ကြည့်ရှုစစ်ဆေးစဉ်



၂၄.၆.၂၀၂၆ ရက်နေ့၊ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းသက်က မိုင်းပျဉ်း၊ အထကကျောင်း ၂၀၂၆-၂၀၂၇ခုနှစ်၊ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ဆုပေးပွဲအခမ်းအနား တက်ရောက်စဉ်



(၂၅.၆.၂၀၂၆)ရက်နေ့၊မိုင်းပျဉ်းမြို့နယ်၊လွှတ်တော်ကိုယ်စားလှယ်ရုံးတွင် ကျင်းပသည့် ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲနှင့် တာဝန်ပေးအပ်ပွဲအခမ်းအနားတက်ရောက်စဉ်



၂၀.၆.၂၀၂၆ ရက်နေ့၊ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းသက်က မိုင်းပျဉ်းမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်သို့ သွားရောက်စဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓာတ်ပုံများ




၂၁.၅.၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၀၀) အချိန် မူဆယ်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးM-အောင်ဂျာ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ များတွေ့ဆုံမိတ်ဆက်ပွဲအခမ်းအနား တက်ရောက်၍ လွှတ်တော်အတွေ့အကြုံများရှင်းလင်းစဉ်




၂၁.၅.၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၀၀) အချိန် ပန်ဆန်း/ပန်ခမ်းမြို့နယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်သိန်းအောင်က ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ များတွေ့ဆုံ မိတ်ဆက်ပွဲအခမ်းအနားတက်ရောက်၍ လွှတ်တော်အတွေ့အကြုံများရှင်းလင်းစဉ်





(၃၀.၅.၂၀၂၆) ရက်နေ့၊ နံနက် (၁၁:၃၀) အချိန် ၊ မူဆယ်မြို့နယ်၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးM-အောင်ဂျာ၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်တောင် တို့ကမြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်(ဝင်/ထွက်)ဂိတ်ဖြစ်သောဆင်ဖြူဂိတ်အား စည်းကမ်းစနစ်တကျဖြစ်စေရေးကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းတိုင်ပင်ဆွေးနွေးစဉ်







၂၉.၅.၂၀၂၆ ရက်နေ့၊ နံနက် (၁၁:၃၀) အချိန် မူဆယ်မြို့နယ်၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးM-အောင်ဂျာ၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးနော်တောင်၊ နားဖန်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးစိုင်းအောင်မြင့် တို့က “ရက် (၁၀၀) လမင်းစီမံချက်"ဖြင့်အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားSmart Card ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်

# ရှမ်းပြည်နယ်လွှတ်တော်သတင်းလွှာ



၁၃.၅.၂၀၂၆ ရက်နေ့၊ နံနက်( ၁၀:၃၀ )အချိန်တွင် ပန်ဆန်း/ပန်ခမ်းမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်သိန်းအောင်က အ.ထ.က ( ၂ )ကျောင်းစံပယ်ခန်းမတွင်ကျင်းပသည့် မူဆယ်ခရိုင်၊မူဆယ်မြို့ ကိုယ်စားပြုလူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုခြင်းအခမ်းအနားကိုတက်ရောက်ချီးမြှင့်စဉ်




၂၆.၅.၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၃၀)အချိန်၊ မူဆယ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးM-အောင်ဂျာက မူဆယ်မြို့အ.ထ.က(၁)ကျောင်းတွင် ကျင်းပသည့် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားတက်ရောက်၍ ကျောင်းယူနီဖောင်းများနှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပေးအပ်စဉ်



၅.၅.၂၀၂၆ ရက်နေ့၊နံနက်(၉)အချိန် တွင် ပန်ဆန်း/ပန်ခမ်းမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်သိန်းအောင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်းရုံးခန်းမတွင် ကျင်းပသည့် ရက် (၁၀၀) လမင်းစီမံချက်ဖြင့်အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၊ Smart Card ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်



၁၃.၅.၂၀၂၆ ရက်နေ့၊ နံနက်( ၁၀:၃၀ )အချိန်တွင် မူဆယ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးM-အောင်ဂျာ၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးနော်တောင်၊ နားဖန်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးစိုင်းအောင်မြင့် တို့က မူဆယ်ခရိုင်၊မူဆယ်မြို့ ကိုယ်စားပြုလူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုခြင်းအခမ်းအနားကိုတက်ရောက်ချီးမြှင့်စဉ်

## Contact Us

Youtube Channel QR code

Facebook Page QR code

Telegram Channel QR code

Website QR code


www.shanstate.hluttaw.mm

https://www.facebook.com/shanparliament

https://t.me/shanstatehluttaw

https://www.youtube.com/@shanstatehluttaw

Phone - 081-2202230,081-2202231

Phone - 081-2202230,081-2202231

shanparliament@gmail.com

shanstatehluttawlibrary@gmail.com


ထုတ်ဝေသူ – ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ (၂၀၀)